ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )**

**[ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၇-၁-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ 3rd Stakeholder Forum တက်ရောက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဂုဏ်အတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ရေဆင်းတက္ကသိုလ် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားတက်ရောက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း တက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဂုဏ်အတိုင်း။ ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဂုဏ်အတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဂုဏ်အတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝ - ကြောင်ဖို လမ်းပေါ်ရှိ အပေါက်ဝကျေးရွာအနီး၌ (၃၀ x ၁၄ x ၁၂) ပေ တံတားတစ်စင်းနှင့် ဘရဝါကျေးရွာတွင် (၄၀ x ၁၄ x ၂၀)ပေ တံတားတစ်စင်း၊ စုစုပေါင်း တံတားနှစ်စင်းကို ကွန်ကရစ်တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝ - ကြောင်ဖို လမ်းပေါ်ရှိ အပေါက်ဝကျေးရွာအနီး၌ (၃၀ x ၁၄ x ၁၂) ပေ တံတားတစ်စင်းနှင့် ဘရဝါကျေးရွာတွင် (၄၀ x ၁၄ x ၂၀) ပေ တံတားတစ်စင်း၊ စုစုပေါင်း တံတားနှစ်စင်းကို ကွန်ကရစ်တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို သာလီစွာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျေးရွာချင်းဆက်လမ်းနဲ့ လမ်းတံတားနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းနဲ့ ပတ်သက်ပြီး အပေါက်ဝကျေးရွာမှ ကြောင်ဖိုကျေးရွာအထိလမ်းဟာ ကျောက်တော်မြို့နယ်ရဲ့ အဓိကလမ်းများထဲတွင် ပါဝင်တဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ အပေါက်ဝ-ကြောင်ဖိုလမ်းဟာ အရှည်အားဖြင့် (၅)မိုင် (၆)ဖာလုံခန့်သာရှိပြီး ကျောက်ချောလမ်း (၁)မိုင်နဲ့ (၂)ဖာလုံကို ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ (၄)မိုင်ကျော်လောက် မြေသားလမ်းပဲ ရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်းက ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းတုန်းကလည်း နှစ်အလိုက်လျာထားပြီး တင်ပြဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့သော်လည်း ယခုအထိတော့ ဒီအတိုင်းပဲ ရှိနေပါသေးတယ်။

အဆိုပါလမ်းမှာ ကျောက်တော်မြို့မှ အပေါက်ဝကျေးရွာအထိ ရန်ကုန်-စစ်တွေ ကားလမ်းပေါ်မှာရှိနေတဲ့အတွက် အလွယ်တကူသွားလာနိုင်ပြီး အပေါက်ဝကျေးရွာမှ နေပူခံ-ဒုက္ခံချောင်း-ဗိုလ်မင်းကျေးရွာ၊ ဘရဝါကျေးရွာကိုဖြတ်ပြီး ကြောင်ဖိုကျေးရွာအထိ အိမ်ခြေပေါင်း(၂၀၀၀)နီးပါးနဲ့ လူဦးရေပေါင်း တစ်သောင်းကျော်ကို အကျိုးပြုနေတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ မြေသားလမ်းအဆင့်သာ ရှိနေတဲ့အတွက် မိုးရာသီတွင် အသုံးပြု၍မရရှိပါ။ အခု ကျွန်တော်မေးမြန်းတဲ့ တံတားနှစ်စင်းကို တည်ဆောက်ပေးလိုက်မှသာ နွေရာသီတွင် ကားများ၊ သုံးဘီးဆိုင်ကယ်များ အလွယ်တကူအဆင်ပြေစွာ သွားလာနိုင်မှာ ဖြစ်ပါတယ်။ အပေါက်ဝ-ကြောင်ဖိုလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့

လမ်းဖြစ်အောင်လည်း လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ အဲဒါမှသာ ကျန်းမာရေး၊ ပညာရေးကအစ အဆင်ပြေလာနိုင်မှာဖြစ်တဲ့အပြင် ကျေးရွာများဖွံ့ဖြိုးတိုးတက်လာပြီး လူမှုဘဝမြင့်မားလာမှာ ဖြစ်ပါတယ်။

အဲဒီကြောင့်အတွက် အဆိုပါဒေသတွင်ရှိတဲ့ လူဦးရေတစ်သောင်းကျော်ကို အကျိုးပြုနေတဲ့ လမ်းပေါ်မှာရှိတဲ့ တံတားနှစ်စင်းကို တည်ဆောက်ပေးနိုင်ရေး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျောက်တော်မြို့နယ်၊ အပေါက်ဝ - ကြောင်ဖိုလမ်းပေါ်ရှိ အပေါက်ဝကျေးရွာအနီး (၃၀ x ၁၄ x ၁၂) ပေ တံတားတစ်စင်းနှင့် ဘရဝါ ကျေးရွာမှာရှိတဲ့ (၄၀ x ၁၄ x ၂၀) ပေ တံတားတစ်စင်း၊ စုစုပေါင်း တံတားနှစ်စင်းအား ကွန်ကရစ် တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ်၊ ဗန်းမော်မြို့နှင့် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့တို့ကို ဆက်သွယ်ထားသော ပြည်နယ်ချင်းဆက် မဟာဗျူဟာကျသည့် ကားလမ်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် က ကချင်ပြည်နယ်၊ ဗန်းမော်မြို့နှင့် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့တို့ကို ဆက်သွယ်ထားသော ပြည်နယ်ချင်းဆက် မဟာဗျူဟာကျသည့် ကားလမ်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နှင့် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့တို့ကို ဆက်သွယ်ထားသော ပြည်နယ်ချင်းဆက် မဟာဗျူဟာကျသည့် ကားလမ်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်း မေးမြန်းရခြင်းရဲ့ အကြောင်းပြချက်များကို ကျွန်တော် အနည်းငယ် တင်ပြပါမယ်။ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မံစီမြို့တို့နှင့် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့ကားလမ်းသည် ယခင်က အမြဲ သွားလာနေသော မဟာဗျူဟာကျသည့် ကားလမ်းဖြစ်ပါတယ်။ ဒီကားလမ်းဟာ ဗန်းမော်-မံစီ-မဒန်ယန်-ကိုက်ထိပ်-မံဝိန်းကြီးနှင့် နမ့်ခမ်းမြို့များကို ဆက်သွယ်ထားသော ကားလမ်းဖြစ်ပါတယ်။ ဗန်းမော်မှ နမ့်ခမ်းသို့ (၆၈)မိုင် အကွာအဝေးရှိပါတယ်။ ဒီကားလမ်းကို ပိတ်ထားသဖြင့် ဖော်ပြပါ မြို့များမှ ပြည်သူလူထုအတွက် သွားလာမှု အဆင်မပြေဖြစ်နေရပါတယ်။ ထို့အပြင် စီးပွားရေး၊ လူမှုရေး

အစစအရာရာ အခက်အခဲဖြစ်နေရပါတယ်။ ဗန်းမော်မြို့နှင့် မံစီမြို့ အကွာအဝေး (၁၂)မိုင်ရှိပြီး မံစီနှင့် မံဝိန်းကြီးသည် (၄၆)မိုင် အကွာအဝေးရှိပါတယ်။ ဒီကားလမ်းကို မံစီမြို့အထွက်က ပိတ်ထားသဖြင့် ဗန်းမော်၊ မံစီမြို့မှ ပြည်သူများ မံဝိန်းကြီးသို့ သွားမည်ဆိုပါက မန္တလေးမြို့မှပတ်၍ နမ့်ခမ်းမြို့မှတစ်ဆင့် မံဝိန်းကြီးသို့ သွားနေရပါတယ်။ ထိုသို့သွားရသဖြင့် အချိန်ကုန်လူပမ်း ဖြစ်နေရပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နှင့် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့တို့သည် မိုင်အားဖြင့် (၆၈)မိုင်ကွာဝေးသောမြို့ ဖြစ်ပါသည်။ ၎င်းကားလမ်းသည် ပြည်နယ်ချင်းဆက်လမ်းဖြစ်သော မဟာဗျူဟာကျသည့် ကားလမ်း ဖြစ်ပါသည်။ ထိုကားလမ်းကို ၂၀၁၁-၂၀၁၂ ခုနှစ်လောက်က ကားလမ်းသွားလာခွင့် ပိတ်ပင်ခဲ့ပြီး ယနေ့အချိန်အထိ ခရီးသွားလာနိုင်ခြင်း မရှိပါသဖြင့် ၎င်းကားလမ်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့တွင် ယူးချောင်းတံတား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့တွင် ယူးချောင်းတံတားအသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့ရှိ ယူးချောင်းတံတား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ မိုးရွာသွန်းမှု များပြားသောကြောင့် တမူးခရိုင်၊ မြို့သစ်မြို့အနီး ယူးချောင်းတံတား ချဉ်းကပ်လမ်း ပေ(၄၀)ခန့် ရေတိုက်စားပျက်စီးခဲ့ပြီး ဆက်သွယ်သွားလာရေး ပြတ်တောက်ခဲ့ရပါတယ်။ တမူးမြို့နယ် လမ်းဦးစီးဌာနက ဘေလီသံဘောင်များဖြင့် အရေးပေါ်ယာယီ ပြင်ဆင်ထားခဲ့ခြင်းကြောင့် ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သော်လည်း ယာဉ်များ ဖြတ်သန်းမောင်းနှင်ရန် အဆင်မပြေ ကြန့်ကြာနေရဆဲ ဖြစ်ပါတယ်။ ၎င်းယူးချောင်းတံတားဟာ တမူးမြို့မှ အထက်ကဘော်ဒေသကျေးရွာများ၊ ထိုမှတစ်ဆင့် တမူးမြို့နယ်၊ သနန်ကျေးရွာမှ ဟုမ္မလင်းမြို့နယ်၊ တုံဟဲကျေးရွာ၊ တမူးမြို့နယ်၊ အောင်ဇေယျကျေးရွာမှ ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာများသို့ ဆက်သွယ်သွားလာသော အဓိကလမ်းမကြီးပေါ်မှာ တည်ရှိနေပါတယ်။ ခိုင်ခံ့ကောင်းမွန်ပြီး ရာသီမရွေးသွားလာနိုင်သော တံတားတစ်စင်း ဖြစ်သင့်ပါတယ်။

အဆိုပါ တံတားအား အခြေအနေအရ ယာယီသာပြင်ဆင်ခဲ့ပြီး မူလတံတားနှင့် ရေတိုက်စားပြိုကျသွားသော ချဉ်းကပ်လမ်းနေရာ အဆက်အစပ်မှာ မျက်နှာပြင်အနိမ့်အမြင့် (၂)ပေခန့် ကွာဟနေ

တာကြောင့် ယာဉ်သွားလာရန် ခက်ခဲနေရပါတယ်။ ရေရှည်မှာ ၎င်းတံတားကြောင့် တမူးမြို့မှ မြို့သစ်မြို့၊ ထိုမှတစ်ဆင့် ဟုမ္မလင်းမြို့သို့ ဆက်သွယ်သွားလာရန် အခက်အခဲ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ရေတိုက်စားတဲ့ ချဉ်းကပ်လမ်းပိုင်းအား ပြန်လည်ပြုပြင် ထိန်းသိမ်းမည်ဆိုပါကလည်း ရေရှည်တည်တံ့နိုင်မည့် အနေအထားမရှိကြောင်း မြို့သစ်မြို့ ဒေသခံပြည်သူများက သုံးသပ်နေကြပါတယ်။

သို့ဖြစ်ပါ၍ တမူးခရိုင်၊ မြို့သစ်မြို့အနီး ယူးချောင်းတံတားကို အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝ - ကြောင်ဖိုလမ်းပေါ်ရှိ အပေါက်ဝကျေးရွာအနီး၌ (၃၀ x ၁၄ x ၁၂)ပေ တံတားတစ်စင်းနှင့် ဘရဝါကျေးရွာတွင် (၄၀ x ၁၄ x ၂၀)ပေ တံတားတစ်စင်း စုစုပေါင်း တံတားနှစ်စင်းကို ကွန်ကရစ်တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝ - ကြောင်ဖိုလမ်းသည် Class A ဦးစားပေးအဆင့်(၁) လမ်းဖြစ်ပြီးတော့ အဆိုပါလမ်းပေါ်ရှိ အပေါက်ဝကျေးရွာအနီး၌ (၃၀)ပေ တံတားတစ်စင်းနှင့် ဘရဝါကျေးရွာတွင် (၅၀)ပေ တံတားတစ်စင်း၊ စုစုပေါင်း တံတားနှစ်စင်းတို့အား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ ကျောက်တော်မြို့နယ်၊ အပေါက်ဝ-ကြောင်ဖိုလမ်းပေါ်ရှိ အပေါက်ဝတံတားနှင့် ဘရဝါတံတားတို့အား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းများမှာ ရခိုင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၁-၁၀-၂၀၁၈ မှ ၃၀-၉-၂၀၁၉ အထိ(၁၂)လဘတ်ဂျက်မှာ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အပေါက်ဝ-ကြောင်ဖိုလမ်းပေါ်ရှိ အပေါက်ဝတံတားနှင့်

ဘရဝါတံတားတို့အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မတိုင်မီကာလအတွင်း ပြီးစီးအောင် အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလွင် မှ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်နှင့် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်တို့ကို ဆက်သွယ်ထားသော ပြည်နယ်ချင်းဆက်လမ်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့၊ မံစီမြို့နှင့် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့တို့အား ဆက်သွယ်ထားသော ပြည်နယ်ချင်းဆက်လမ်းသည် မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်း၊ ဗန်းမော်-နမ့်ခမ်းလမ်းအပိုင်းရှိ ကချင်ပြည်နယ်အပိုင်းမှာ (၅၉)မိုင် (၄)ဖာလုံနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှာ (၆)မိုင် (၆)ဖာလုံရှိပြီးတော့ ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော လမ်းတစ်လမ်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လ လမ်းအခြေအနေအရ ကချင်ပြည်နယ်အပိုင်း (၅၉)မိုင် (၄)ဖာလုံ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း(၁၃)မိုင်နှင့် အမာခံလမ်း (၄၆)မိုင် (၄)ဖာလုံရှိပါတယ်။

အဆိုပါလမ်းတွင် ကချင်ပြည်နယ်အပိုင်း၌ ကချင်ပြည်နယ် နယ်စပ် မော်စီခွရွာ မိုင်တိုင် (၃၀၈/၆)မှ မံဝိန်းကြီးရွာ (၃၁၀/၆)အထိ (၂)မိုင်သာလျှင် ပြည်သူများ သွားလာအသုံးပြုလျက် ရှိပါတယ်။ ကျန်အပိုင်းများမှာတော့ မိုင်(၃၁၀/၆) မံဝိန်းကြီးရွာမှ မိုင်(၃၃၀/၂) ကိုက်ထိပ်ရွာအထိ (၁၉)မိုင် (၄)ဖာလုံမှာ တပ်မတော်မှ ရိက္ခာပို့ဆောင်ရန်အတွက် လမ်းများပြုပြင် အသုံးပြုလျက်ရှိပြီးတော့ နယ်မြေလုံခြုံရေးအခြေအနေအရ ပြည်သူများသွားလာအသုံးပြုမှု မရှိပါဘူးခင်ဗျား။ မိုင်(၃၃၀/၂) ကိုက်ထိပ်ရွာကနေပြီးတော့ (၃၄၉/၆) မဒန်ယန်ကျေးရွာအထိ (၁၉)မိုင် (၄)ဖာလုံမှာ နယ်မြေလုံခြုံရေး အခြေအနေအရ သွားလာ၍မရသေးကြောင်း သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်း၊ ကချင်ပြည်နယ်အပိုင်းမှာ နယ်မြေလုံခြုံရေးအခြေအနေအရ သွားလာ၍ရသော မိုင်(၃၄၉/၆) မဒန်ယန်ရွာမှ (၃၆၈/၂) ဗန်းမော်မြို့အထိ (၁၈)မိုင် (၄)ဖာလုံအပိုင်းသာ လမ်းဦးစီးဌာနက တာဝန်ယူ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရာသီမရွေးသွားလာနိုင်ပါတယ်။ နယ်မြေလုံခြုံရေး အခြေအနေအရ သွားလာ၍မရသေးတဲ့ မံဝိန်းကြီးကျေးရွာမှ မဒန်ယန်ရွာအထိအား နယ်မြေလုံခြုံရေး အခြေအနေ ကောင်းမွန်လာပါက ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာနှစ်အလိုက်ရန်ပုံငွေများ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၉)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ်မှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့တွင် ယူးချောင်းတံတားအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော တမူး-စေတီ-နန်းအောင်မော်လမ်း မိုင်တိုင်အမှတ် (၂၇/၃)မှ (၂၇/၄)ကြားတွင် ယူးချောင်းတံတားတည်ရှိပါတယ်။ ယူးချောင်းတံတားရဲ့ အရှည်မှာ (၄၀၀)ပေအရှည်ရှိပြီး ခန်းဖွင့်မှာ (၁၂၀)ပေနှစ်ခန်းနှင့် (၁၆၀)ပေ တစ်ခန်း Double Single Bailey အမျိုးအစား ဖြစ်ပါတယ်။ တံတားအကျယ်မှာ (၁၂)ပေ၊ (၆)လက်မ ဖြစ်ပြီးတော့ ခွင့်ပြုတန်ချိန်မှာ (၁၃)တန်ဖြစ်ပါတယ်။ အဆိုပါတံတားကို ၂၀၀၁ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့သဖြင့် (၁၇)နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ တစ်နေ့တာ သွားလာသည့် ယာဉ်အစီးရေ (AADT) မှာ (၅၀) အောက်မှာရှိပါတယ်။ ၅-၇-၂၀၁၇ ရက်နေ့မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တမူးဘက်ကမ်း ချဉ်းကပ်လမ်း မျောပါသွားခဲ့ပြီးတော့ Single/Single Bailey (၇၀)ပေကို ထပ်မံဖြည့်တင်း တည်ဆောက်ခဲ့ပါတယ်။ ယခုအခါတွင် တံတားကြံ့ခိုင်မှုရှိဖို့အတွက်တော့ Single/Single Bailey များကို Double/Single Bailey များနှင့် အစားထိုးပြီးတော့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တမူး-စေတီ-နန့်အောင်မော်လမ်းပေါ်ရှိ ယူးချောင်းတံတား (၄၇၀)ပေကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ တည်ဆောက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသား

လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ တာဝန်ပေးချက်အရ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရန်နှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ် ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ**
**ထိန်းသိမ်းရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊၁/အမ (ကော်မတီ-၁) ၁/၂၀၁၇ - ၆၃၄

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

၁။ ပြည်သူ့လွှတ်တော်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝ နယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၁၀-၁၁-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၊ Land Core Group မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၇-၁၁-၂၀၁၇ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင်-

(က) အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြု သည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား သဘာဝအပင်ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက် သော အပင်၊ တိုင်းရင်းဆေးဖက်ဝင် အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ရေအောက်ရှိ အပင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ မျိုးစေ့၊

တစ်သျှူးနှင့် အစိတ်အပိုင်းများလည်း ပါဝင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(န) ၏နောက်တွင် အပိုဒ်ခွဲ (ပ)၊ (ဖ)၊ (ဗ) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

"(ပ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်မှုအခြေအနေမရှိသော်လည်း မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ် ခြိမ်းခြောက်ခံရသည့်အဆင့်သို့ ရောက်ရှိလာနိုင်သဖြင့် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏အစိတ်အပိုင်းနှင့် ယင်းတို့ ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းများလည်း ပါဝင်သည်။

(ဖ) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ် ကျရောက်နိုင်မှုအဆင့် သို့မဟုတ် မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ် ခြိမ်းခြောက်ခံရသည့်အဆင့် နည်းပါးပြီး အရေအတွက်ပေါများမှုရှိနေခြင်း၊ သဘာဝအလျောက် မျိုးဆက်ပေါက်ဖွားရှင်သန်မှုကောင်းမွန်ပြီး ပေါများစွာတွေ့ရှိရခြင်းတို့အရ အမဲလိုက်ခွင့်ပြုရန်ဖြစ်စေ၊ ယင်းတို့၏ နေရင်းဒေသအတွင်း သဘာဝအလျောက် မျိုးဆက်ပေါက်ဖွားရှင်သန်မှုကိုထိခိုက်မှု မရှိစေရန်ဖြစ်စေ အချိန်ကာလသတ်မှတ်ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်း ခံရသည့် တောရိုင်းတိရစ္ဆာန်များ သို့မဟုတ် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

(ဗ) အမဲလိုက်ခြင်းဆိုသည်မှာ နေရင်းဒေသနှင့် သဘာဝနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်ကို သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် နေရင်းဒေသနှင့် သဘာဝနယ်မြေအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ တောရိုင်းတိရစ္ဆာန်ကို သယ်ဆောင်ခြင်းလည်း ပါဝင်သည်။"

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား သဘာဝနယ်မြေများ သတ်မှတ်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ

များ၏ အကြံပြုချက်များကို ရယူဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော "လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။" ဆိုသည့် စကားရပ်ကို "လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများ အပါအဝင်ဖြစ်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ၂၅၊ အပိုဒ်ခွဲ(က)တို့တွင် ဖော်ပြထားသော ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည့် စကားရပ်ကို ကြီးကြပ်ကွပ်ကဲရန် ဒေသခံတိုင်းရင်းသားပြည်သူများ အပါအဝင်ဖြစ်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်နှင့် လိုက်နာဆောင်ရွက်ရာတွင် လွယ်ကူရှင်းလင်းမှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဈ) နှင့် (ည) တို့ကို ပယ်ဖျက်သင့်ကြောင်းနှင့် အပိုဒ် ၁၃ ၏နောက်တွင် အပိုဒ် ၁၄ နှင့် အပိုဒ် ၁၅ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်-

"၁၄။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဇ) အရ ခွင့်ပြုချက်ကို ထုတ်ပေးသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များကိုပါ တစ်ပါတည်း ထုတ်ပြန်သတ်မှတ်ပေးရမည်။

၁၅။ (က) သဘာဝနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များနှင့်ပတ်သက်၍ လုပ်ကိုင်လိုကြောင်း လျှောက်ထားသည့်အပေါ် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဇ) အရ ငြင်းပယ်ခြင်းကို ကျေနပ်မှု မရှိသူသည် ငြင်းပယ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ အယူခံဝင်ရောက်ခြင်းအတွက် ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။"

(ဃ) စကားရပ်အသုံးအနှုန်းမှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၅၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ (ဂ) တို့တွင် ဖော်ပြထားသော ဝန်ကြီး ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာန ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၂၄ ခြေဆင်းတို့တွင်

ဖော်ပြထားသော ဝန်ကြီး ဆိုသည့်စကားရပ်ကို ကော်မတီ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ် ၁၇၊ အပိုဒ်ခွဲ(ဆ)တို့တွင် ဖော်ပြထားသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း ဆိုသည့်စကားရပ်ကို အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ(က)၊(ဂ)၊(ဃ)၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ် ၂၉၊ အပိုဒ်ခွဲ(ဂ) တို့တွင် ဖော်ပြထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း ဆိုသည့်စကားရပ်ကို အစိုးရဌာန၊ အဖွဲ့အစည်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ Land Core Group မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ဆွေးနွေး ညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၂-၁-၂၀၁၈(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း(အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြား ပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ/ကျောင်းသားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9)အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုး (4 skills – Reading, writing, speaking, listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ တင်သွင်းထားသည့် **မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ/ကျောင်းသား အများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသား ပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုး (4 skills – Reading, writing, speaking, listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက် ၁၄-၁၁-၂၀၁၇ ရက်နေ့တွင် အဆိုတင်သွင်းပြီး ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦးအမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်အတူ မင်္ဂလာအပေါင်းခညောင်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ အဆိုပြုတင်ပြသွားတဲ့ အခြေခံပညာအထက်တန်း အောင်မြင်ပြီးဆုံးချိန် နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာကို အတိုင်းအတာ တစ်ခုအထိ ထိရောက်စွာ ရေးသားခြင်း၊ ပြောဆိုခြင်းနှင့် ဆက်သွယ်ခြင်းများ ဆောင်ရွက်နိုင်စေရေး အတွက် (Grade 9) အဋ္ဌမတန်းမှ စတင်သော အင်္ဂလိပ်စာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံ နည်းစနစ်များ Syllabus And Teaching Methods စာစစ်အကဲဖြတ်စနစ်၊ ခေတ်ကာလနှင့် လျော်ညီသော စွမ်းရည် (၄)မျိုး ပါဝင်သော သင်ကြား၊ နာခံစနစ်သို့ ပြောင်းလဲသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်မှ ထောက်ခံအဆိုပြု တင်ပြသွား ပါမယ်။ အင်္ဂလိပ်ဘာသာစကားများ မဖြစ်မနေ သုံးစွဲရမည်ကို နားလည်စွာ ခွင့်ပြုပေးပါရန် ကြိုတင် သတင်းပို့ ပန်ကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပညာသင်ကြားရေး နှင့် ဘာသာရပ်အလိုက် လေ့လာရေးစနစ်ဟာ ၁၉၄၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း (၁၈)နှစ်တာ ကာလမှာ နိုင်ငံတကာနဲ့ ယှဉ်နိုင်တဲ့အဆင့်မှာ ရှိခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အထွေထွေ အတွင်းရေးမှူးချုပ် တာဝန်ကို (၂)ကြိမ်ဆက်တိုက် တာဝန်ပေးခံရတဲ့ ဦးသန့် တို့၊ ဘူမိဗေဒပါရဂူ ဒေါက်တာသာလှ တို့၊ သမိုင်းနဲ့ရှေးဟောင်းသုတေသန ပါမောက္ခဒေါက်တာနိုင်ပန်းလှ တို့၊ သားဖွား မီးယပ်ပါမောက္ခ ဒေါက်တာနော်မန်လှ တို့ဆိုတာ ကြားဖူးကြမယ်လို့ ထင်ပါတယ်။ မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီးနဲ့ မြန်မာ့တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရဲ့ အင်္ဂလိပ်ဘာသာစကား အရေး၊ အပြောစွမ်းရည်ဟာ သာမန်အထက်မှာရှိလို့ အင်္ဂလိပ်နန်းရင်းဝန် မစ္စတာချာချီ တို့၊ ဗိုလ်ချုပ်ကြီး ဆာဝီလျံစလင်း တို့၊ ရန်ကုန်အရေးပိုင်မင်းကြီး မောရစ်ကောလင်း တို့တောင် တရားဝင် ထုတ်ဖော်ချီးမွမ်းကြတာ သမိုင်းမှာ အထင်ကရကျန်ရစ်ပါတယ်။ (Rangoon University) ရန်ကုန်တက္ကသိုလ်ကြီးဟာဆိုရင် အာရှတိုက်မှာ India နိုင်ငံ Calcutta University ကဲ့သို့ ပညာရှင်တွေက အလေးအမြတ်ပြုပြီး လာရောက်သုတေသနပြုခဲ့ကြပါတယ်။ Burmese Way to Socialism မူအရ ၁၉၆၃ ခုနှစ်၊ မတ်လမှာ စာသင်ကျောင်းအားလုံး ပြည်သူပိုင်၊ အစိုးရပိုင်သိမ်း တယ်ဆိုပြီး ခရစ်ယာန်သာသနာပြုကျောင်းတွေသာမက ကရင်ကျောင်း၊ မွန်ကျောင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝကျောင်းတွေကို စတဲ့ ပုဂ္ဂလိကပညာရေးကျောင်းတွေကို ဖျက်သိမ်းလိုက်တော့ အင်္ဂလိပ် စာကို ထိထိရောက်ရောက် သင်ကြားပေးခဲ့တဲ့ ယူအက်စ်အေ၊ ယူကေ၊ ဩစတြေးလျ၊ ပြင်သစ် စသည်ဖြင့် နိုင်ငံခြားသား ပညာဆရာတွေဟာ ပြည်တော်ပြန်ကုန်ကြရပါတယ်။

အဲဒီခေတ်တုန်းက အင်္ဂလိပ်ဘာသာနဲ့ ပတ်သက်ရင် India နဲ့ Burma ဟာ Grammar ရော၊ Pronunciation ရော အတော်ဆုံးလို့ ဗြိတိသျှနယ်ချဲ့ အုပ်ချုပ်ရေးအရာရှိတွေက မှတ်ချက် ပြုခဲ့ဖူးပါတယ်။ ၁၉၆၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း ဘာသာဗေဒစွမ်းရည် ကျဆင်းသွားရခြင်းကို မတရား မစွပ်စွဲ မပြောဆိုလိုပါဘူး။ မြန်မာစာသည် တို့စာ၊ တို့စာကို တို့ချစ်ရမယ်ဆိုတဲ့ Slogan တွေ ခေတ်စားလာပြီးတော့ ခရစ်ယာန်ဘာသာဝင်တွေရဲ့ နာမည်ရှေ့မှာပါတဲ့ ဆင်မြူရယ် တို့၊ ရောဘတ် တို့၊ ဒင်နီယယ် တို့၊ ဂျက် တို့၊ အိုင်းရင်း တို့၊ အိုင်းရစ် တို့၊ ဆူဇင်နာ တို့ကိုတောင်မှ ဗိုလ်ကြက်ချေးလို့ လေပုပ်ထုတ် တိုက်ခိုက်ခံခဲ့ကြရပါတယ်။ ကျွန်တော့် ကျောင်းနာမည်က နိုဝယ်ချစ် ပါ။ အဲဒါကို

နို့ဝယ်ရင် ချစ်မယ်လေလို့ စကြနောက်ကြပါတယ်။ နိုင်ငံသားမှတ်ပုံတင်လုပ်တော့မှ ရှေ့က နို့ဝယ်ကို ဖြုတ်လိုက်ရပါတယ်။ ၁၉၈၆-၁၉၈၇ စာသင်နှစ်ကစပြီး အင်္ဂလိပ်ဘာသာကို သူငယ်တန်းမှ စတင်သင်ကြားဖို့ ပြဋ္ဌာန်းလိုက်ပါတယ်။ M.B.B.S ဘွဲ့ရ ဆရာဝန်ပေါက်စ၊ နိုင်ငံတော်အကြီးအကဲရဲ့ သမီးထွေး Further Study ဘွဲ့လွန်ဆေးပညာသင်တန်း UK က Edinborough တက္ကသိုလ်တက်ဖို့ Entrance Exam ဖြေဆိုရာမှာ ပေးမှတ်(၁၀၀)မှာ (၁၂)မှတ်ပဲရပြီး ကျရှုံးလို့ တက်ခွင့်မရလိုက်တာကို သုံးသပ်မိပြီးတော့ မဖြစ်ချေဘူး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အင်္ဂလိပ်စာအဆင့်မြှင့်တင်မှ ဖြစ်တော့မယ်ဆိုပြီးတော့ ဝုန်းဒိုင်းထလုပ်လိုက်တာကစပြီး ယခုအချိန်အထိ ဘာမှထူးခြားမလာခဲ့ပါလို့ ပြောရင် လွန်မယ်လို့မထင်ပါ။ ၁၉၉၃ ခုနှစ်က ကျွန်တော့်တူမ တာဝန်ယူသင်ကြားပေးနေတဲ့ English Private tuition မှာ တက္ကသိုလ်က English Department က Tutor နှစ်ယောက်၊ UFL က အင်္ဂလိပ်စာပေနဲ့ ဘွဲ့ယူထားသူက လာပြန်တက်ပြီးတော့ လာသင်ကြားခဲ့ပါတယ်။ သူတာဝန်ကျတဲ့တက္ကသိုလ်က အင်္ဂလိပ်စာဌာနမှာ ပထမနှစ်နဲ့ ဒုတိယနှစ် ကျောင်းသူ၊ ကျောင်းသားတွေကို စာပြန်သင်ပေးရမှာမို့ လာတက်တာလို့ ဆိုပါတယ်။ ၂၀၀၂ ခုနှစ် ကျွန်တော် ရှုရှားနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုမှာ တာဝန်ထမ်းဆောင်တုန်းက Senior Geologist နဲ့ Office Staff ရာထူးတွေအတွက် Personal Interview မတိုင်ခင် English Language 3 skills Examine လုပ်ပါတယ်။ CV ဖြည့်ရာမှာ M.Sc သချ်ာဘွဲ့ရ ကလေးမတစ်ဦးက Marital Status ကို ဘာဆိုလိုမှန်းမသိဘူး။ Spouse ဆိုတာကိုလည်း မကြားဖူးလို့ ကျွန်တော့်ကို ထမေးဖူးပါတယ်။

နောက်တစ်ခါ Senior Geologist သင်တန်းရွေးဖို့ ရေးဖြေရာမှာ M.Sc (Geology) ယောကျ်ားလေး(၂)ယောက်က CV ဖြည့်ရင်း တစ်ယောက်စာရွက်ကို တစ်ယောက် ကြည့်ရင်းရေးသား ဖြည့်စွက်နေတာကို တွေ့လိုက်ပါတယ်။ တစ်ယောက်က Marital Status(အိမ်ထောင်ရေး အခြေအနေ) နေရာမှာ Single လို့ ဖြည့်တာကို နောက်တစ်ယောက်က Double လို့ ဖြည့်လိုက်ပါတယ်။ Tennis တို့၊ Badminton တို့ကစားတဲ့အခါ သုံးတဲ့အသုံးအနှုန်းကို ပုံတူကူးချလိုက်တာပါပဲ။ အလားတူပါပဲ oversea တို့၊ Off Shore တို့၊ Foreign တို့ကို မကွဲပြားကြတဲ့ ဘွဲ့ရတွေ အများကြီးမှ အများကြီးပါ။ ဒါတွေဖြစ်ရတာ Teaching Method ၊ (Syllabus) သင်ရိုးညွှန်းတမ်း၊ သင်ကြားတဲ့ နည်းစနစ်တွေ၊ နည်းပြဆရာတွေရဲ့ လေ့လာမှု စွမ်းရည်ကြောင့်ပါ။

ဒါကြောင့်မို့ အင်္ဂလိပ်ဘာသာကို မူကြိုကပဲ စသင်သင်၊ မူလတန်း၊ အလယ်တန်းတွေကပဲ စသင်သင် မိရိုးဖလာ ငပိသံမထွက်၊ ဗမာဟန် ဗမာနည်းမဟုတ်တဲ့ သင်ကြားလေ့ကျင့်တဲ့ စနစ်များဖြင့်သာ နိုင်ငံတကာအဆင့်မီ အင်္ဂလိပ်ဘာသာကို ဦးစားပေးသင်ကြားပေးသင့်တယ်လို့ ယူဆပါတယ်။ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့မှာ သင်ကြားတဲ့စနစ်တွေကို လေ့လာသင့်ပါတယ်။ ထိုနိုင်ငံတွေရဲ့ အစိုးရရုံးသုံးဘာသာစကားက အင်္ဂလိပ်ဘာသာစကား ဖြစ်ပါတယ်။ ကျွန်တော်တို့ထက်ကို လွတ်လပ်ရေး ရတာ နှစ်များစွာနောက်ကျတဲ့ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီယားတို့ဟာ ကျွန်တော်တို့ ထက်ကို စီးပွားရေး၊ ပညာရေးတွေ ဖွံ့ဖြိုးတိုးတက်နေပါပြီ။ ကျွန်တော်တို့သာလျှင် ယခုအချိန်အထိ ပြည်ပအားကိုး ပုဆိန်ရိုးလို့အော်ပြီး မြန်မာ့မူ မြန်မာ့ဟန်အတိုင်း ပညာရပ်အားလုံးကို သင်ကြားပေး နေကြတော့မှာလား။ ဒါကြောင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ တင်ပြတဲ့ အင်္ဂလိပ်

ဘာသာရပ် 4 skills သင်ကြားပေးရေးအဆိုကို အထူးလေးနက်စွာ ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအမှူးပြု၍ ကြွရောက်လာကြပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ အင်္ဂလိပ်စာ (4 skills - Reading, Writing, Speaking and Listening) ပါဝင်တဲ့စနစ်ကို ပြောင်းလဲသင်ကြားရန် အဆိုကို အတည်ပြုပြီးတော့ စနစ်တကျ အစီ အစဉ်ချ၊ ကော်မတီတစ်ရပ်ကို အချိန်နဲ့တစ်ပြေးညီ ဖွဲ့စည်းမယ်ဆိုရင် အတိတ်က မှားခဲ့တဲ့အမှားတွေကို ဖယ်ရှားပြီးတော့ ပစ္စုပ္ပန်နဲ့အနာဂတ်မှာ မျိုးဆက်သစ်တို့ တိုးတက်ဖို့အတွက် ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပစ္စုပ္ပန်ကာလ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကမ္ဘာ့နိုင်ငံရေး မျက်နှာစာမှာ လက်တွေ့ခံစားနေရတဲ့ အခြေအနေရယ်၊ နောက် ပြီးခဲ့တဲ့အတိတ်ကာလက တံခါးပိတ် ဝါဒ ကျင့်သုံးပြီးတော့ အင်္ဂလိပ်စာသင်ကြားရေးကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ပြုပြင်နှိပ်ကွပ်ခဲ့တဲ့ ကျွန်တော်တို့ကျောင်းသားဘဝကစပြီးတော့ ယနေ့ ကျွန်တော်တို့ရဲ့ သား၊ မြေးများခေတ်အထိ မပြောင်း လဲတဲ့ အင်္ဂလိပ်စာသင်ကြားပုံ နည်းစနစ်များနဲ့ ခေတ်နောက်ကျပြီး မှားယွင်းနေတဲ့ စာမေးပွဲ Exam Question Format များကြောင့် အင်္ဂလိပ်စာကျွမ်းကျင်မှု အားနည်းရတဲ့အခြေအနေတွေကနေ လွတ်မြောက်ပြီးတော့ လာမယ့်အနာဂတ်ကာလမှာ နိုင်ငံတကာက အရှိန်အဟုန်နဲ့ တိုးတက်တဲ့ သိပ္ပံနဲ့ နည်းပညာတွေ၊ စီးပွားရေး၊ နိုင်ငံရေးပညာရပ်တွေကို အင်္ဂလိပ်စာကျွမ်းကျင်မှုနဲ့ အကျွမ်းတဝင် လေ့လာအသုံးချပြီးတော့ နိုင်ငံရဲ့ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ကို အဆင့်မြှင့်တင်ပေးနိုင်မှာ ဖြစ်သလို ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အမြင်စောင်းနေတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အကြောင်းကို ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ ရင်ထဲ၊ နှလုံးသားထဲကို ထိအောင်၊ မိအောင်၊ ငြိသွားအောင် ကမ္ဘာသုံး ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်သုံးပြီးတော့ အင်တာနက်၊ အွန်လိုင်းပေါ်မှဖြစ်စေ၊ မီဒီယာမျိုးစုံမှဖြစ်စေ ထိထိမိမိ ပြောတတ်၊ ရေးတတ်လာမယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ တစ်ဖက်က ရန်လိုတိုက်ခိုက်သူတွေရဲ့ ပရိယာယ်ကြွယ်ကြွယ်နဲ့ ပြောတာ၊ ရေးတာတွေကို သေသေချာချာ၊ ဂဃနဏ နားလည်ပြီးတော့ တုံ့ပြန် ချေဖျက်လာနိုင်မယ်။ အင်္ဂလိပ်လိုကျွမ်းကျင်မှုနဲ့ အပြောပညာ၊ အရေးပညာကို သုံးပြီးတော့ နိုင်ငံရဲ့ပုံရိပ်ကို ကမ္ဘာ့အလယ်မှာ မြှင့်တင်လာနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလအဆိုရှင် ဒေါ်ထုမေ က သူ့အဆိုမှာ မြန်မာနိုင်ငံ တွင် သူငယ်တန်းမှစ၍ ဆယ်တန်းအထိ အင်္ဂလိပ်ဘာသာကို ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း

အထက်တန်းအဆင့်ပညာရေး ပြီးဆုံးချိန်တွင် ကျောင်းသား၊ ကျောင်းသူအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲ ဖြစ်ပါတယ်လို့ သုံးသပ်ရေးသားထားတာ တွေ့ရပါတယ်။ မငြင်းနိုင်အောင်မှန်တဲ့ မှန်ကန်ချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ကလေးဘဝကစပြီး ယနေ့ကလေးတွေအထိ အင်္ဂလိပ်စာကို အားလုံး အလွတ်ကျက်ခဲ့ကြရပါတယ်။ Meaning အဓိပ္ပာယ် အလွတ်ကျက်၊ Spelling စာလုံးပေါင်းကျက်၊ Verb Form, Word Form အဲဒါတွေ ကျက်၊ Short Question, Long Question လို့ခေါ်တဲ့ မေးခွန်းတို၊ မေးခွန်းရှည်တွေကို မေးခွန်းနဲ့အဖြေပါ တွဲကျက်၊ အဲဒီလိုနဲ့ ဆယ်တန်းရောက်လာတော့ ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကျက်၊ Essay တွေ၊ Letter တွေလည်းအလွတ်ကျက်၊ ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်အားလုံး၊ စာပုဒ်ပါ တစ်လုံးကို အပေါက်ဖောက်ပြီး မေးခွန်းထုတ်တဲ့ Close Type ကို ဖြေနိုင်ဖို့အတွက် အပေါက်ဖာတတ်အောင်လို့ စာပိုဒ်တွေ အလွတ်ကျက်၊ ကဗျာတွေအကုန် အလွတ်ကျက်ရတယ်။ နားလည်တာ၊ နားမလည်တာ၊ ပြန်ပြီး ရေးတတ်တာ၊ မရေးတတ်တာ အရေး မကြီးဘူး။ ကျက်ထားတာ ရေးတတ်ဖို့ အရေးကြီးနေတယ်။ အဲဒါ ကျွန်တော်တို့သုံးနေတဲ့ ပညာရေး နည်းစနစ်ဖြစ်ပါတယ်။

ဒီလိုနဲ့ ဆယ်တန်းအောင်လာတဲ့ ကလေးတစ်ယောက်ဟာ 4 Skills မပြောနဲ့ 1 Skill တောင်မှ ရှိရဲ့လား။ ကျွမ်းကျင်မှုတစ်ခုရော ရှိရဲ့လား။ ဥပမာအားဖြင့် Writing ကျက်ထားတာမဟုတ်ရင် ကိုယ်တိုင် အင်္ဂလိပ်စာတစ်ကြောင်း မရေးတတ်ပါဘူး။ Reading ဆိုတာ ဖတ်ရုံသက်သက်မဟုတ်ဘူး။ အင်္ဂလိပ်လို ရေးထားတာကို ဖတ်ပြီး နားလည်နိုင်ရဲ့လား။ နောက်တစ်ခါ ကျက်ထားရုံနဲ့ရော လုံးစေ့ပတ်စေ့ ကျက်ထားတဲ့ Meaning ကို သုံးတတ်ရုံနဲ့ လုံးစေ့ပတ်စေ့ စာပိုဒ်တစ်ပိုဒ်လုံး၊ တစ်ကြောင်းလုံးကို နားမလည်နိုင်ဘူးဆိုတာ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်မှာ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့ အစီရင်ခံစာကို ကျွန်တော် ဆွေးနွေးတဲ့အခါမှာ ပညာရေးတက္ကသိုလ်၊ ကောလိပ်များက သင်ကြားမှု (၉၆)ရာခိုင်နှုန်း ညံ့တဲ့ဆရာ၊ ဆရာမတွေက သင်ကြားပေးလိုက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေကတော့ ပြဋ္ဌာန်းစာအုပ် တစ်အုပ်တည်းကိုပဲ အလွတ်ကျက်ပြီး ဖြေဆိုနိုင်တဲ့အတွက် ‘ညံ့’ အဆင့် မသတ်မှတ်နိုင်တာကို ကျွန်တော်က ဝေဖန်ထောက်ပြတဲ့အခါမှာ အဓိပ္ပာယ်ကောက်လွဲတာပါ ဆိုပြီး ကျွန်တော့်ရဲ့ ဝေဖန်ထောက်ပြချက်ကို ဘာတစ်ခုမှ ပြန်လည်ရှင်းလင်းပေးခြင်း မရှိခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပညာရေးနဲ့ ပညာရေးဝန်ကြီးဌာနကို မူဝါဒချမှတ်ပေးနေတဲ့ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်ကို အလွယ်တကူပုတ်ချပြီး လျစ်လျူရှုခဲ့ပေမယ့် ကျွန်တော်တို့ နိုင်ငံရဲ့ခေါင်းဆောင်၊ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကတော့ တိကျပြတ်သားတဲ့ အဖြေတစ်ခု ထုတ်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးတိုးတက်ဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ရဲ့ လမ်းညွှန်မှာကြားချက်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးမှာ အမှာစကားပြောကြားနေစဉ် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ကျွန်တော်တို့ လွှတ်တော်နားရက်၊

ဒီဇင်ဘာလ ၈ ရက်နေ့က နေပြည်တော် MICC-2 မှာ ကျင်းပပြုလုပ်တဲ့ နှီးနှောဖလှယ်ပွဲမှာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်ဟာ ကြေးမုံသတင်းစာရဲ့ ခေါင်းကြီးပိုင်းမှာ ရေးထားတဲ့၊ ဖော်ပြထားတဲ့ အလွတ်ကျက်မှတ်ရမည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကိုအခြေခံသည့် ပညာရေးစနစ်သို့ ပြောင်းလဲရာတွင် ပြဋ္ဌာန်းစာအုပ်အတိုင်း သင်ကြားဖြေဆိုမှုများကို မဖြစ်မနေပြောင်းလဲရမည်လို့ ဒေါ်အောင်ဆန်းစုကြည် က ကျွန်တော်တို့ကို လမ်းညွှန်မှာကြားထားပါပြီ။ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ဒီအချက်ကို သဘောပေါက်ရပါမယ်။ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းထဲမှာ ဖော်ပြတဲ့အချက်ထဲက သတင်းစာတွေ၊ မြန်မာသတင်းစာအများစု၊ ပုဂ္ဂလိကသတင်းစာအများစုသည် ကောက်နုတ်ချက် ဖော်ပြထားပါတယ်။ အမြစ်တွယ်နေတဲ့ အလွတ်ကျက်မှတ်ရတဲ့ ပညာရေးစနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အခြေခံတဲ့ ပညာရေးစနစ်ကြီးကို ပြောင်းလဲရာမှာ ဆရာနဲ့ ကျောင်းသားအများစု အရိုးစွဲနေတဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကိုသာ သင်ကြားပေးခြင်း၊ သင်ရိုးမာတိကာအတိုင်း အမြန်ပြီးစီးအောင်သင်ကြားခြင်း၊ အတန်းအောင်ချက် မြင့်မားခြင်းကိုသာ အာရုံစူးစိုက်ခြင်း၊ စာမေးပွဲအောင်ဖို့အတွက်သာ သင်ကြားပေးခြင်း၊ ပြဋ္ဌာန်းစာအုပ်ပါ အချက်အလက်များအတိုင်း တစ်သဝေမတိမ်း ဖြေဆိုနိုင်မှသာ ရလဒ်ကောင်းမွန်ခြင်း စတဲ့အချက်တွေကို မဖြစ်မနေ ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။

အဲဒီတော့ အခု ပြုပြင်ပြောင်းလဲရမယ့်အချက်များကို နိုင်ငံတော်အတိုင်ပင်ခံက လမ်းညွှန်မှာကြားပြီးတဲ့အခါမှာ ကျွန်တော် ပထမဆုံးကြားရတဲ့ အနေအထားကတော့ ဆရာတွေကို အရင်ဆုံး Train ပေးရမယ်လို့ ဆိုပါတယ်။ ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ မှန်ပါတယ်။ သို့သော် ဆရာတွေနဲ့တင် မပြီးပါဘူးခင်ဗျား။ အဓိကအချက်က ဆရာများကို နံပါတ်တစ် အင်္ဂလိပ်စာ 4 Skills သင်ကြားရေးကို လေ့ကျင့်ညွှန်ကြားဖို့အတွက် ဘာလိုသလဲဆိုရင် သင်ရိုး၊ သင်ကြားမှု၊ စစ်ဆေးမှုမှာ တာဝန်ကြီးမားတဲ့ စာစစ်မှူးချုပ် ပါမောက္ခများကိုလည်း စတင်ပြီး သင်တန်းပေးရမှာ ဖြစ်ပါတယ်။ ဒီထက်ပိုပြီး အရေးကြီးတာကတော့ ဦးဆောင်လှုပ်ရှားရမယ့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ သင်ရိုးညွှန်းတမ်းကော်မတီအရဲ၊ တစ်ခါ အရည်အချင်း စစ်ဆေးရေးကော်မတီများကို လက်တွေ့အပါအဝင် လက်တွေ့ဆောင်ရွက်ရမယ့် Mechanism များဖြစ်တဲ့ အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်မှူးများကိုပါ Mind-Set ခေါ်တဲ့ သူတို့ရဲ့စိတ်ထဲမှာ စွဲနေတဲ့ အလွဲအမှားစွဲနေတဲ့ Mind-Set ခံယူချက်မျိုးကိုပါ ပြောင်းလဲအောင် သင်တန်းပေးဖို့ လိုအပ်ပါတယ်။ ဒါဟာ ကျွန်တော်တင်ပြတဲ့ အချက်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ ရှေ့တိုးတက်ဖို့ အတိုင်းအတာအတွက် လိုအပ်တဲ့ 4 Skills လုပ်ဖို့အတွက် ဒီလိုမျိုး သင်တန်းပေးရုံသာတင်မကဘဲနဲ့ ကျွန်တော်တို့ တစ်ပြည်လုံးက ဝိုင်းဝန်းပြီးဆောင်ရွက်ရမှာဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)တွင် အမှာစကားပြောကြားနေစဉ် မြင်ကွင်းပုံ(ခ)



ပညာရေးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး အမှာစကားပြောကြားနေပုံ (ခ-၁)



အလွတ်ကျက်မှတ်ရသည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အခြေခံသည့် ပညာရေးစနစ်သို့ ပြောင်းလဲရာတွင် ပြဋ္ဌာန်းစာအုပ်အတိုင်း သင်ကြားပြေဆိုနေမှုများကို မဖြစ်မနေပြောင်းလဲရမည်ဖြစ်

မိန့်ခွန်းပြောကြားနေသော ဒေါ်အောင်ဆန်းစုကြည်

မိန့်ခွန်းတွင် ဖော်ပြပါရှိသည့် သတင်းစာ စာသား၏ မြင်ကွင်းပုံ(ခ-၂)

| |
|---|
| **အမြစ်တွယ်နေတဲ့ အလွတ်ကျက်မှတ်ရတဲ့ ပညာရေးစနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အခြေခံတဲ့ ပညာရေးစနစ်ဆီသို့ ပြောင်းလဲရမှာ ဆရာနဲ့ကျောင်းသားအများစု အရိုးစွဲနေတဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကိုသာ သင်ကြားပေးခြင်း၊ သင်ရိုးမာတိကာအတိုင်း အပြန်ပြီးစီးအောင် သင်ကြားခြင်း၊ အတန်းအောင်ချက်မြင့်မားခြင်းကိုသာ အာရုံစူးစိုက်ခြင်း၊ စာမေးပွဲအောင်ဖို့အတွက်သာ သင်ကြားပေးခြင်း၊ ပြဋ္ဌာန်းစာအုပ်ပါ အချက်အလက်များအတိုင်း တစ်သဝေမတိမ်း ဖြေဆိုနိုင်မှသာ ရလာဒ်ကောင်းမွန်ခြင်းစတဲ့ အချက်တွေကို မဖြစ်မနေ ပြုပြင်ပြောင်းလဲရမှာဖြစ်ပါတယ်။** |

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီနေ့ ဆွေးနွေးမှာက ဒေါ်ထုမေ ရဲ့ အဆိုထဲက Reading, writing, listening, speaking Skills နဲ့ ပတ်သက်ပါတယ်။ စဉ်ဆက်မပြတ် တိုးတက်ရေးပန်းတိုင်(၄)၊ Substainable Development Goal 4 : Quality Education နဲ့လည်း သက်ဆိုင်တဲ့အတွက် ထောက်ခံအကြံပေး ဆွေးနွေးပါမယ်။ ဒီ ကျွမ်းကျင်စရာ Skill(4)ခုဟာ ယခုခေတ် လိုအပ်ချက်အရ အလွန်ပဲ ကြိုဆိုသင့်တဲ့အဆိုပါ။ ဒီနေရာမှာ ပညာရေးနဲ့ပတ်သက်တဲ့ တခြား Skill(4)ခုအကြောင်း ပြောလိုပါတယ်။ $21^{st}$ Century Skill မှာ Communication, Collaboration, Critical thinking, Creativity တို့ဖြစ်ပါတယ်။ ဒီထဲမှာ နံပါတ်(၁)ဖြစ်တဲ့ Communication Skill ဟာ အခုပြောမယ့် skill(4)ခုနဲ့သက်ဆိုင်ပါတယ်။ ဒီထဲမှာ Reading နဲ့ Writing ဟာ ဆရာနဲ့ ကျောင်းသား ဆက်သွယ်ရုံမျှ တတ်နိုင်ပေမယ့် Speaking and listening Skill ကတော့ အခြားသူများ ပါဝင်ပတ်သက်ရပါတယ်။ listening skill ဆိုရာမှာ ကျောင်းသားနှင့်ဆက်သွယ်ဖို့၊ ကျောင်းသား နားထောင်ဖို့၊ ပြောဖို့ လူလိုသလို speaking skill မှာ ကျောင်းသားက ပြောဖို့၊ ကျောင်းသား ပြောတာကို နားထောင်ပြီး၊ နားလည်ပြီး ပြန်ပြောနိုင်တဲ့လူ၊ ကျောင်းသားနဲ့ Communicate လုပ်တဲ့လူဟာ အင်္ဂလိပ်စာ အလွန်ကျွမ်းကျင်တဲ့သူ ဖြစ်ရပါမယ်။ အဲဒါကြောင့်မို့လို့ သင်ကြားပေးမယ့် ဆရာက အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Teacher Proficiency ဆရာအနေနဲ့ သင်နိုင်တဲ့ စွမ်းရည်ဟာ အရေးကြီး လိုအပ်ပါတယ်။ ယခု လက်ရှိ ဆရာ၊ ဆရာမတွေဟာ ဒီ Skill(4)ခုနဲ့ အောင်ခဲ့ကြတာ မဟုတ်ပါဘူး။ သူတို့ကို ကောင်းကောင်းသင်ပေးမှ ကလေးတွေကို ကောင်းကောင်းသင်နိုင်မှာပါ။ Teacher Proficiency မှာ ပထမအနေနဲ့ Language Proficiency ဘာသာစကား သင်နိုင်စွမ်းဟာ ရိုးရိုး

သင်ပေးပြီး စာမေးပွဲဖြေခိုင်းရုံနဲ့ မရပါဘူး။ မိခင်ဘာသာစကား မဟုတ်တဲ့အတွက် အထူးလေ့ကျင့်သင်ကြားပေးရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားဘာသာစကား သင်ဖို့တောင် မလွယ်သေးတဲ့အချိန်မှာ မိခင်ဘာသာစကားမဟုတ်တဲ့ အင်္ဂလိပ်စာသင်ဖို့ရာမှာ အခက်အခဲရှိပါမယ်။

နောက်တစ်ခုက Familarity လို့ခေါ်တဲ့ အကျွမ်းတဝင်ရှိမှုပါ။ ကျောင်းက ဘယ်လောက်သင်သင် အိမ်မှာ ပြောဆို နားထောင်ပေးမယ့်သူမရှိရင် listening နဲ့ speaking Skill ဟာ မဖြစ်နိုင်ပါဘူး။ ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ Competency ဘာလိုအပ်သလဲ။ ဘယ်လောက် လိုအပ်သလဲ။ ဘယ်သူ့ကို တာဝန်ပေးမလဲ။ ဘယ်လိုနည်းနဲ့လဲဆိုတဲ့ လိုအပ်ချက်များကို ကိုင်တွယ်ဖို့ကလည်း အရေးကြီးပါတယ်။ ဒီ Skills တွေကို ပျိုးထောင်တော့မယ်။ Develop လုပ်တော့မယ် ဆိုလို့ရှိရင်၊ ဥပမာ listening Skill ဆိုပါတော့၊ ကလေးတွေကို နားထောင်ခိုင်းရမယ်၊ နားထောင်ဖို့အတွက် ပြောဖို့ လူလိုပါတယ်။ ဒါကလည်းပဲ ခဏခဏ Repeat လုပ်ရမယ်။ အဲဒီအတွက် အိမ်မှာ လေ့ကျင့်ပေးရမယ်။ အိမ်မှာ သူတို့ကို နားထောင်ခိုင်းပြီး သူတို့ကို ပြန်ပြောတဲ့လူ ရှိရမယ်။ သူတို့ကို ပြောခိုင်းရင်လည်း နားထောင်ပေးတဲ့လူ ရှိရမယ်။ listening နဲ့ speaking Skill ဟာ ဆက်သွယ်နေပါတယ်။ ဒီ Skill(၂)ခု အတွက် (၁) ကျောင်းသားက ပြောချင်၊ ဆိုချင်၊ နားထောင်ချင်စိတ် ရှိရမယ်။ (၂) သူတို့ လေ့ကျင့်ဖို့ Platform လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ listening and Writing အတွက်ကတော့ Dictation နားထောင်ပြီး ပြန်ရေးမယ်။ Writing Skill ကျပြန်တော့လည်း Essay ကို အလွတ်ကျက်ပြီး ပြန်ဖြေတဲ့စနစ်ကနေ ပြီးတော့ တကယ့်ကို Writing Skill ကို မရနိုင်ပါဘူး။ ဒီမှာလည်းပဲ စောစောကပြောတဲ့ 21st Century Skill ထဲက Creativity ပါ ပါတယ်။ Writing Skill မှာ Idea (၃)ခု လိုပါတယ်။ Generating Idea အကြံသစ်၊ ဉာဏ်သစ် ဖော်ထုတ်ရမယ်။ Organizing Idea ပေါ်လာတဲ့ အကြံသစ်၊ ဉာဏ်သစ်တွေကို စုစည်းရမယ်။ Expressing Idea ကိုယ့်ရဲ့ အကြံသစ်၊ ဉာဏ်သစ်တွေကို သူများနားလည်အောင်၊ ဝါကျမှန်အောင်၊ သဒ္ဒါမှန်အောင်ရေးဖို့ လိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဲဒီ ကျွမ်းကျင်မှုအားလုံးကို ပညာရေးကောလိပ်နဲ့ ပညာရေးတက္ကသိုလ်ရဲ့ သင်ရိုးညွှန်းတမ်းမှာ ပထမဦးဆုံး သင်ကြားပေးပြီး ဆရာ၊ ဆရာမတွေကို ရှေးဦးစွာ ကျွမ်းကျင်အောင်လုပ်ပြီးမှ တစ်ပြည်လုံးအတိုင်းအတာနှင့် စဉ်းစားသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က ဒေါ်ထုမေ ရဲ့ အဆိုကို ယေဘုယျ အားဖြင့် ထောက်ခံပါတယ်။ Global Education မှာ ကမ္ဘာကြီးကို ချိတ်ဆက်နိုင်တဲ့ အင်္ဂလိပ် ဘာသာစကားနဲ့သာ အကဲဖြတ် စစ်ဆေးကြတာ ဖြစ်ပါတယ်။ အဲဒီလို အကဲဖြတ်တဲ့နေရာမှာလည်း Speaking, Reading, Writing, Listening ဆိုတဲ့ 4 Skills နဲ့ပဲ အရည်အချင်း စစ်ပါတယ်။ ကျွန်မတို့ Global Education ကို တက်လှမ်းဖို့အတွက် TOEFL တို့၊ IELTS တို့၊ SAT စာမေးပွဲတွေနဲ့ အခြားအခြားသော အရည်အချင်းစစ် စာမေးပွဲတွေမှာ အင်္ဂလိပ်ဘာသာကို 4 Skills နဲ့သာ အခြေခံ စစ်ဆေး၊ အကဲဖြတ် ရွေးချယ်တာဖြစ်ပါတယ်။

အခု လွှတ်တော်သစ်မှာလည်း နိုင်ငံတကာပါလီမန်တွေနဲ့ ရင်ပေါင်တန်းနိုင်ဖို့၊ ချိတ်ဆက် ဆောင်ရွက်နိုင်ဖို့ ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အကြံပြုချက်အရ British Council ကနေပြီးတော့ 4 Skills နဲ့ အင်္ဂလိပ်ဘာသာစကား အရည်အချင်း စစ်ပေးခဲ့ပါသေးတယ်။ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ဖို့အတွက်ဖြစ်စေ၊ စီးပွားရေးကို အဓိက ဦးမော့ လာစေဖို့အတွက်ဖြစ်စေ၊ နိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ အင်္ဂလိပ်ဘာသာစကား အရည် အသွေးမြှင့်တင်ရမှာက အဓိကကျတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ အဆိုရှင် ပြောခဲ့သလိုပါပဲ။ အာဆီယံ (၁၀)နိုင်ငံထဲမှာ အင်ဒိုနီးရှားနိုင်ငံကလွဲ၍ ကျန်တဲ့(၉)နိုင်ငံဟာ အင်္ဂလိပ်စာကို မူလတန်းကတည်းက မသင်မနေရ ပြဋ္ဌာန်းသင်ကြားကြပါတယ်။ နိုင်ငံတကာအဆင့်မီပညာရေးကို အခြေခံပြီး အောင်မြင်တဲ့ စီးပွားရေးပိုင်ဆိုင်နေတဲ့ စင်ကာပူနိုင်ငံမှာ အင်္ဂလိပ်စာဟာ နိုင်ငံသုံးဖြစ်သလို မလေးရှားနိုင်ငံသား တွေဟာလည်း အလုပ်အကိုင်ရရှိရေးနဲ့ ကမ္ဘာ့စီးပွားရေးမှာ ဝင်ဆံ့နိုင်ဖို့ အင်္ဂလိပ်စာကို သင်ယူကြရ ပါတယ်။ ဖိလစ်ပိုင်မှာ ပညာရေးမြှင့်တင်ဖို့၊ ကမ္ဘာ့စီးပွားရေးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့၊ ရုံးသုံး၊ ကျောင်းသုံး အင်္ဂလိပ်ဘာသာစကားကို တရားဝင် သုံးစွဲပါတယ်။

ထိုင်းနိုင်ငံမှာ အလုပ်အကိုင်အတွက်၊ သုတေသနနဲ့ ပညာရေးအတွက် အသုံးချဖို့ အခြေခံပညာ ကျောင်းတွေမှာ အင်္ဂလိပ်စာ သင်ကြားကြပါတယ်။ အခုဆိုရင် ထိုင်းနိုင်ငံရဲ့ ဝင်ငွေအများဆုံးရတဲ့ ခရီးသွားလုပ်ငန်းမှာ အခွင့်အရေးတွေ၊ အကျိုးအမြတ်တွေရဖို့ အခြေခံ ဈေးရောင်း၊ ဈေးဝယ် လုပ်ကိုင် သူတွေကအစ အင်္ဂလိပ်ဘာသာစကားကို ပြောနိုင်၊ ရေးနိုင်၊ ဈေးရောင်းနိုင်အောင် လေ့ကျင့်ပေးထား လို့ အဆင်သင့်ဖြစ်နေကြပါတယ်။ နှစ်ပေါင်းများစွာ စစ်မက်ဖြစ်ပွားခဲ့တဲ့ ဗီယက်နမ်နိုင်ငံမှာ ပညာရေး ကို လက်ရှိမှာ ကမ္ဘာ့အဆင့်အတန်းမီ မမြှင့်တင်နိုင်သေးပေမယ့် နိုင်ငံရဲ့စီးပွားရေး မြှင့်တင်နိုင်ဖို့ အင်္ဂလိပ်ဘာသာစကားကို အမြန်ဆုံးနဲ့ အထိရောက်ဆုံး တတ်မြောက်အောင် သင်ယူနေကြတာကို တွေ့ခဲ့ရပါတယ်။

ဗီယက်နမ်နိုင်ငံမှာ ဂျီဒီပီ(၂၀)ရာခိုင်နှုန်းကျော်ဟာ ကမ္ဘာ့စိုက်ပျိုးရေး ထုတ်ကုန်ဈေးကွက် (၈၀)ရာခိုင်နှုန်းကို ထိန်းချုပ်ထားပါတယ်။ နိုင်ငံတကာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ဗီယက်နမ်နိုင်ငံရဲ့ (၆၀)ရာခိုင်နှုန်းရှိတဲ့ ဂျီဒီပီ ဟာ စက်မှုကဏ္ဍမှာရော၊ (၂၀)ရာခိုင်နှုန်းရှိနေတဲ့ ဂျီဒီပီ စိုက်ပျိုးရေးကဏ္ဍ တွေမှာရော အလုပ်အကိုင်ရရှိရေးနဲ့ စီးပွားရေးအကျိုးအမြတ် ရရှိဖို့အတွက် အင်္ဂလိပ်ဘာသာစကား ကို အမြန်ဆုံးနဲ့ အထိရောက်ဆုံး သင်ယူကြပါတယ်။ မြန်မာနိုင်ငံသားအချို့ကတောင် အင်္ဂလိပ်ဘာသာ သင်တန်းတွေကို သွားရောက်သင်ကြားပေးတာ တွေ့ခဲ့ရပါတယ်။

ဒါကြောင့် အင်္ဂလိပ်ဘာသာစကားဟာ လုပ်ငန်းခွင်နဲ့ ပညာရပ်ဆိုင်ရာအတွက် အရေးတကြီး လိုအပ်ပါတယ်။ စီးပွားရေးမြှင့်တင်နိုင်ဖို့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ရှိလာခဲ့မယ်ဆိုရင်လည်း လူ့စွမ်းအား အရင်းအမြစ်တွေကို ကောင်းစွာ အသုံးချနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့နိုင်ငံမှာ ပါလီမန်ခေတ်က ပညာရေးနဲ့အတူ အင်္ဂလိပ်စာအဆင့်အတန်း မြင့်ခဲ့ပေမယ့် လက်ရှိ အခြေအနေမှာ ပညာရပ်ဆိုင်ရာနဲ့ အလုပ်အကိုင်ရရှိဖို့အတွက် အင်္ဂလိပ်စာ အဆင့်အတန်းဟာ လိုအပ်ချက်များစွာနဲ့ နိမ့်ကျလျက်ရှိနေပါတယ်။ ဖွံ့ဖြိုးမှုအနည်းဆုံး Least Developed Countries (၁၀)နိုင်ငံထဲမှာ အပါအဝင်ဖြစ်နေရတဲ့ ကျွန်မတို့နိုင်ငံမှာ လူသားညွှန်းကိန်းရဲ့ စွမ်းဆောင်ရည် နိမ့်ကျမှုနဲ့ ပညာရေးအဆင့်အတန်း နိမ့်ကျနေမှုက မီးမောင်းထိုးထားပါတယ်။ ငါးတန်းရောက်မှ၊ အလယ်တန်းရောက်မှ အင်္ဂလိပ်စာကို စသင်ခဲ့ရတဲ့ ကျွန်မတို့လို မျိုးဆက်တွေဟာ ဒီနေ့ ဒီအချိန်မှာ Global Education တက်လှမ်းနိုင်ဖို့အတွက် အရမ်းခက်ခဲပါတယ်။ အမီလိုက်နိုင်ဖို့အတွက် ကြိုးစား အားထုတ်နေရပါတယ်။ အင်္ဂလိပ်ဘာသာစကားရဲ့ အရေးပါပုံနဲ့ လိုအပ်ချက်တောင်းဆိုမှုတွေကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ကလည်း လက်တွေ့မှာ အခက်အခဲများစွာရှိပါတယ်။ အချိန်တိုအတွင်းမှာ အင်္ဂလိပ်စာကို အောင်မြင်စွာ၊ ထိရောက်စွာ သုံးစွဲနိုင်ဖို့၊ တစ်နိုင်ငံလုံး တစ်ပြေးညီ သင်ယူနိုင်ဖို့ကလည်း ခဲယဉ်းပါတယ်။

ဥပမာ ကျွန်မရဲ့မဲဆန္ဒနယ်မှာ ကျောင်းပေါင်း(၂၀၀)ကျော်က ဆရာ၊ ဆရာမ (၂၀၀၀)ကျော် ထဲမှာ English Major နဲ့ပြီးတဲ့ မြန်မာဆရာမက အထက်တန်းအဆင့်မှာ (၅)ဦးပဲရှိပါတယ်။ အလယ်တန်းအဆင့်မှာ ဆရာ၊ ဆရာမ(၁၀)ဦးနဲ့ မူလတန်းအဆင့်မှာ ဆရာမ(၁၅)ဦး စုစုပေါင်း(၃၀)ဦးပဲရှိပါတယ်။ အထက်တန်းအဆင့် ကျောင်းတစ်ကျောင်းဆီမှာတောင် E major နဲ့ပြီးတဲ့ ဆရာ(၁)ယောက်စီတောင် မရှိတဲ့သဘော ဖြစ်ပါတယ်။ တစ်မြို့နယ်လုံးမှာ KG တန်းသင်တဲ့ ဆရာ၊ ဆရာမတွေထဲမှာ E major နဲ့ ပြီးတဲ့ဆရာ တစ်ယောက်မှ မရှိပါဘူး။ ဒါတောင်မှ E major နဲ့ပြီးတဲ့ ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းက 4 Skills ကို နိုင်နင်းရဲ့လားဆိုတာ ကျွန်မတို့ မသိနိုင်ပါဘူး။

ဒါကြောင့် သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးစနစ်နဲ့ အကဲဖြတ်နည်းစနစ်တွေကို အချိန်တို အတွင်းမှာ ခေတ်နဲ့လျော်ညီစွာ ပြုပြင်ပြောင်းလဲဖို့က အင်မတန်မှ ခက်ခဲပါတယ်။ အစိုးရသစ်ရဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုအဖြစ် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကြီးမှာ ၂၀၁၆-၂၀၂၁ အခန်း(၆)မှာ လက်ရှိပညာရေးစနစ်ရဲ့ အဓိကစိန်ခေါ်မှုတွေကို ဖော်ပြထားပါတယ်။ အခန်း(၆) နယ်ပယ်(၁)မှာ ကျေးလက်ဒေသတွေမှာ အရည်အသွေးပြည့်တဲ့ ပညာရေးဝန်ဆောင်မှု အခွင့်အလမ်း ရရှိမှုနည်းပါးနေတာကို အဓိကထား ဖော်ပြထားပါတယ်။ နယ်ပယ်(၂)မှာ အခြေခံပညာရေး အခွင့်အလမ်း အရည်အသွေးနဲ့ လူတိုင်းအကျုံးဝင်နိုင်ဖို့ သင်ကြားရေး၊ စီမံခန့်ခွဲမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအတွက် အရည်အသွေး အာမခံမှုစနစ်တစ်ခု ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်တယ်လို့ ဖော်ပြထားပါတယ်။ နယ်ပယ်(၃)မှာ ၂၁ ရာစု ကျွမ်းကျင်မှုကို အလေးထားပြီး KG+12 System နဲ့အညီ သင်ရိုးညွှန်းတမ်းကို ပြင်ဆင်ရေးဆွဲပြီးဖြစ်လို့ သင်ရိုးညွှန်းတမ်းဆိုင်ရာ စီမံခန့်ခွဲမှု၊ လေ့လာကြီးကြပ် အကဲဖြတ်မှု၊ အသိပေး၊ ပညာပေးခြင်းတို့ကို အားဖြည့်ဆောင်ရွက်ရန် လိုအပ်တယ်လို့ ဖော်ပြထားပါတယ်။ နယ်ပယ်(၄)မှာ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနဲ့ စာမေးပွဲကျင်းပခြင်းဖြစ်ပြီး၊ နယ်ပယ်(၅)မှာ ဆရာအတတ်ပညာရေးနဲ့ စီမံခန့်ခွဲမှု၊ နယ်ပယ်(၆)မှာ ကျောင်းပြင်ပနဲ့ တစ်သက်တာပညာရေး၊

နယ်ပယ်(၇)မှာ နည်းပညာနဲ့ သက်မွေးပညာလေ့ကျင့်ရေး၊ နယ်ပယ်(၈)မှာ အဆင့်မြင့်ပညာရရှိရေးတို့ကို ဖော်ပြထားပါတယ်။

ဒီလိုစိန်ခေါ်မှုတွေကို ကျော်လွှားသွားနိုင်ဖို့ အစိုးရအနေနဲ့ မြန်မြန်ဆန်ဆန် အားထုတ်ကြိုးစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုစိန်ခေါ်မှုတွေထဲမှာ အင်္ဂလိပ်ဘာသာစကားရဲ့ လိုအပ်ချက်နဲ့ အရေးပါပုံတွေဟာ ပါဝင်သွားပြီး ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာစကားရဲ့ ရေတို၊ ရေရှည်လိုအပ်မှုလက်တွေ့ အကောင်အထည်ပေါ်လာဖို့ပဲ လိုအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံရဲ့ ပညာရေးအဆင့်အတန်း မြှင့်တင်ဖို့ အမျိုးသားပညာရေးစီမံကိန်းကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့၊ အချိန်နှင့် တစ်ပြေးညီ အားထုတ် ကြိုးပမ်းနိုင်ဖို့ တိုက်တွန်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၀၁။**

**ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေတင်သွင်းတဲ့ အင်္ဂလိပ်စာကို အခြေခံပညာအထက်တန်းမှာ စွမ်းရည်(၄)မျိုးနဲ့ သင်ကြားဖို့ တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာ၊ အင်္ဂလိပ် ဘာသာစကားဟာ နိုင်ငံတကာနှင့်ဆက်ဆံရာမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ သံတမန်အသိုင်းအဝိုင်းမှာ အသုံးအများဆုံး ဘာသာစကားဖြစ်ပြီး မူရင်းမိခင်ဘာသာစကားအဖြစ် သုံးတဲ့သူနဲ့ ဒုတိယဘာသာစကားအဖြစ် သုံးစွဲသူပေါင်း အများဆုံးနဲ့ ပျံ့နှံ့မှု အမြန်ဆုံးဘာသာစကား ဖြစ်ပါတယ်။ သိပ္ပံသုတေသနနှင့် စာတမ်းများမှာလည်း အဓိကအသုံးပြုတဲ့ဘာသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံပြည်သူတွေအနေနဲ့ ပညာရပ်နယ်ပယ်စုံနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည်တို့မှာ ကမ္ဘာနဲ့အမီ ရင်ပေါင်တန်း လိုက်နိုင်ဖို့အတွက် အင်္ဂလိပ်စာဘာသာစကားကို ကြားခံဆောင်ရွက်ရေး မီဒီယာအဖြစ် ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးပြုနိုင်ဖို့ အရေးကြီးပါတယ်။

မူရင်း မိခင်ဘာသာစကားကို ကလေးအရွယ်မှာ သဘာဝအတိုင်း တတ်မြောက်လာကြရာမှာ မိသားစုနဲ့ပတ်ဝန်းကျင်ရဲ့ ပြောဆိုဆက်သွယ်ပုံကို နားထောင်ခြင်းဆိုတဲ့ အကြားအာရုံနဲ့ သိရှိမှတ်သားနားလည်လာကြပြီး နောက်တစ်ဆင့် ကလေးတွေက စကားအဖြစ်ပြောဆိုတတ်လာတာ ဖြစ်ပါတယ်။ စာဖတ်ခြင်းနှင့် စာရေးခြင်းတို့ကို ကျောင်းနေအရွယ်ရောက်မှ သင်ယူတတ်မြောက်လာပါတယ်။ မူရင်း

မိခင်ဘာသာမဟုတ်ဘဲ ဘာသာစကားတစ်မျိုးမျိုးကို ဒုတိယဘာသာစကားအဖြစ် သင်ကြားရာမှာ အစဉ်အလာအားဖြင့်တော့ စကားလုံး၊ အဓိပ္ပာယ်၊ ဝါကျတည်ဆောက်ပုံ၊ သဒ္ဒါနည်းတို့နဲ့ သင်ကြားလာခဲ့ကြပါတယ်။

ဘာသာစကားသင်ကြားခြင်းဟာ လက်တွေ့အသုံးချဖို့၊ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နားလည်ဖို့ဖြစ်ပြီး ဘာသာဗေဒကို ပညာရှင်လိုလေ့လာဖို့မဟုတ်တဲ့အတွက် အခုနောက်ပိုင်းမှာတော့ အရေး၊ အဖတ်၊ အပြောနဲ့နားထောင်ခြင်းဆိုတဲ့ စွမ်းရည်(၄)မျိုးကို သင်ကြားလေ့ကျင့်တဲ့နည်းကို ပိုမိုကျင့်သုံးလာကြပါတယ်။ နားထောင်တတ်ခြင်းစွမ်းရည်ကို သင်ယူနိုင်ဖို့ အင်္ဂလိပ်ဘာသာစကားပြောဆိုနေတဲ့ ပတ်ဝန်းကျင်မှာ မဟုတ်တဲ့အတွက် အသံသွင်းထားတဲ့ သို့မဟုတ် ရုပ်သံသွင်းထားတဲ့ CD, DVD တွေကို စက် သို့မဟုတ် ကွန်ပျူတာတွေနဲ့ဖွင့်ခြင်း၊ ကွန်ပျူတာ၊ အင်တာနက်ကတစ်ဆင့် နားထောင်ကြည့်ရှုခြင်းအားဖြင့် သင်ယူရပါမယ်။

ဒါမှမဟုတ်ရင်လည်း သင်ကြားပေးတဲ့ဆရာတွေကနေပြီးတော့မှ ဦးဆောင်ပြောဆို၊ သင်ယူ၊ သင်ကြားပေးနိုင်ပါတယ်။ အဲဒီ သင်ကြားတဲ့ဆရာတွေကလည်း မှန်ကန်တဲ့ အပြောအဆိုနဲ့ အသံထွက်တွေ ပြည့်စုံနေဖို့ လိုအပ်ပါတယ်။ ပြောဆိုမှုစွမ်းရည်ကို လက်တွေ့ပြောဆို လေ့ကျင့်ခြင်းအားဖြင့် သင်ယူရမှာ ဖြစ်ပြီးတော့ မိမိအပြောကို တုံ့ပြန်ပြုပြင်ပေးနိုင်တဲ့ အင်တာနက်က ကွန်ပျူတာ အစီအစဉ် Software တွေကိုလည်းကောင်း၊ နားထောင်ပေးကာ အပြန်အလှန် လေ့ကျင့်သင်ကြားပေးနိုင်တဲ့ ဆရာတွေကသော်လည်းကောင်း လိုအပ်တာဖြစ်ပါတယ်။

နားထောင်ခြင်းနှင့် ပြောဆိုခြင်းဟာ အသံနဲ့ဆက်သွယ်တာဖြစ်တဲ့အတွက် အသံထွက်မှန်ကန်ဖို့ဟာ အရေးကြီးတယ်ဆိုတာ နားလည်လက်ခံရပါမယ်။ အင်္ဂလိပ်စာဖတ်စွမ်းရည်ကို သင်ယူလေ့လာနိုင်ဖို့ သင်ယူသူရဲ့ အဆင့်အလိုက် ကိုက်ညီတဲ့ ဖတ်စရာစာတွေ၊ စာအုပ်တွေ လိုအပ်ပါတယ်။ အများလက်လှမ်းမီနိုင်တဲ့ ဈေးနှုန်းနဲ့ဖြန့်ဖြူးပေးနိုင်ဖို့၊ စီစဉ်ဖို့ လိုအပ်ပါတယ်။ ဆရာတွေ ဦးဆောင်၊ လမ်းညွှန်၊ ရှင်းပြ၊ ဆွေးနွေးပေးတဲ့ စာဖတ်ဝိုင်းတွေ ဖြစ်လာဖို့ လိုအပ်ပါတယ်။ စာရေးခြင်း၊ အရေးစွမ်းရည်အတွက် အခြေခံဝါကျရေးသားခြင်းကစပြီး စာပိုဒ်တွေ၊ စာစီစာကုံးတွေ ရေးနိုင်အောင် လေ့ကျင့်ပေးပြီး ဝေဖန်ပြုပြင်သင်ကြားပေးနိုင်ဖို့ လိုအပ်ပါတယ်။ စာရေးရာမှာ စာလုံးပေါင်း၊ သတ်ပုံ၊ ဝါကျဖွဲ့စည်းပုံနဲ့ အခြေခံသဒ္ဒါကိုလည်း လေ့လာသင်ယူဖို့ လိုပါတယ်။

အခြေခံပညာကျောင်းတွေမှာ အင်္ဂလိပ်စာ သင်ကြားရာမှာ အဖတ်နှင့်အရေးကို အဓိကထားသင်ကြားပေးခဲ့ကြပြီး နားထောင်ခြင်းနဲ့အပြောကို အလေးထားသင်ယူမှု မရှိခဲ့တဲ့အတွက် နားထောင်တတ်ပြီး နားလည်မှုနဲ့ သွက်လက်ယုံကြည်စွာ ပြောဆိုနိုင်မှု အလွန်အားနည်းခဲ့ပါတယ်။ ရှေးရိုးနည်းအတိုင်း အင်္ဂလိပ်စာသင်ယူခဲ့တဲ့ မျိုးဆက်တွေမှာတော့ ပညာရပ်နဲ့ လုပ်ငန်းခွင်နယ်ပယ်ရောက်မှ ပြောဆိုသုံးစွဲတဲ့ ပတ်ဝန်းကျင်ကတစ်ဆင့် နားထောင်မှုနဲ့ ပြောဆိုမှုအကျင့်ကို ရရှိတိုးတက်ခဲ့တာဖြစ်ပါတယ်။ သင်ကြားရေးနယ်ပယ်မှာ ဘာသာရပ်တစ်ခုကို သင်ကြား၊ သင်ယူရာမှာ ဘာအကြောင်းအရာကို ဘယ်လို တတ်မြောက်ရမယ်ဆိုတဲ့ သင်ကြားရေး ရည်မှန်းချက်ချထားပြီး သင်ကြားပြီးတဲ့အခါမှာ အဲဒီ ရည်မှန်းချက်ကို ရောက်ရှိပေါက်မြောက်မှု ရှိ/မရှိကို စာမေးပွဲအားဖြင့် စစ်ဆေးရပါတယ်။ အင်္ဂလိပ်စာကို သင်ကြားပြီး စစ်ဆေးရင် လက်တွေ့ဘဝမှာ ဘယ်လောက်ဖတ်တတ်၊ နားထောင်တတ်၊

ရေးတတ်၊ ပြောတတ်တာကို စစ်ဆေးနိုင်မှသာ သင်ကြားသင်ယူစဉ်ကတည်းက တတ်မြောက်အောင် လေ့လာသင်ယူခဲ့ရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ လက်ရှိစာမေးပွဲမေးခွန်းလွှာတွေကတော့ ပြဋ္ဌာန်းစာအုပ်ထဲက အချက်အလက်တွေကိုသာ အလွတ်ရ/မရ စစ်ဆေးနေတာဖြစ်လို့ ဘာသာစကားတတ်/မတတ် မစစ်ဘဲ အလွတ်ကျက်မှတ်နိုင်မှုကို စစ်ဆေးနေတာပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာ အရေး၊ အဖတ်၊ အပြောနဲ့ နားထောင်ခြင်း စွမ်းရည်(၄)ရပ်ကို သင်ကြားပေးနိုင်ဖို့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံပညာကျောင်းတွေက ဆရာ၊ဆရာမတွေကို သင်ကြားနည်း စွမ်းရည်မြှင့်ပေးဖို့ အဓိကလိုအပ်ပြီး သင်ထောက်ကူပစ္စည်းများလည်း ကျောင်းတိုင်းအတွက် လိုအပ်မှာ ဖြစ်ပါတယ်။

ဒါတွေကို အချိန်ယူဆောင်ရွက်ရမှာဖြစ်လို့ ဦးစွာ အင်္ဂလိပ်စာ သင်ယူတတ်မြောက်မှုကို အမှန်တကယ် စစ်ဆေးဖော်ဆောင်ပေးနိုင်တဲ့ မေးခွန်းပုံစံနဲ့ ပြောင်းလဲစစ်ဆေးခြင်းဖြင့် သင်ကြားမှု၊ သင်ယူမှုပုံစံကို တစ်ပါတည်း ပြောင်းလဲသင်ယူ၊ ပြောင်းလဲပေးနိုင်မှာဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။ အခြေအနေပေးလာခဲ့ရင်တော့ ဆရာ၊ ဆရာမများကို လေ့ကျင့်မြှင့်တင်ပေးနိုင်ခဲ့ရင်၊ သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံစွာ ဖြည့်တင်းပေးနိုင်ခဲ့ရင်တော့ အခြေခံပညာအထက်တန်းများမှာ အင်္ဂလိပ်စာဘာသာရပ်ကို နားထောင်ခြင်း၊ အပြော၊ အဖတ်၊ အရေး စွမ်းရည်(၄)မျိုးစနစ်နဲ့ သင်ကြားပေးသင့်ကြောင်းကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မနက်ဖြန်ကျင်းပမယ့် အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၀၈ နာရီ အချိန်တွင် ရပ်နားပါသည်။]